နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

**ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၆/၈၉)**

၁၃၅၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်

(၁၉၈၉ ခုနှစ်၊ မတ်လ ၂၂ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ဝင်ငွေခွန်ဥပဒေ**ကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၁၉၈၉-၉၀ စည်းကြပ်နှစ်အတွက်မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။ ၁၉၇၄ ခုနှစ်၊ ဝင်ငွေခွန်ဥပဒေ၏ နိဒါန်းကို ပယ်ဖျက်ရမည်။

၄။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ပုဒ်မခွဲ (ည)နှင့် (ဋ)တို့ကို အောက်ပါ ပုဒ်မခွဲများဖြင့် အစားထိုးရမည် -

(ည) **ပုဂ္ဂိုလ်စု** ဆိုသည်တွင် အစုစပ်လုပ်ငန်း၊ ဖက်စပ်လုပ်ကိုင်သည့်လုပ်ငန်း၊ ကုမ္ပဏီ၊ တစ်ဦးချင်းပုဂ္ဂိုလ်တို့ စုပေါင်းထားသည့် အဖွဲ့အစည်း၊ သမဝါယမအသင်းနှင့် အစိုးရ၏ စီးပွားရေးအဖွဲ့အစည်းများ ပါဝင်သည်၊

(ဋ) ပြည်တွင်းနေ နိုင်ငံခြားသား ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည် -

(၁) တစ်ဦးချင်း ပုဂ္ဂိုလ်ဖြစ်ပါက ဝင်ငွေနှစ်အတွင်း မြန်မာနိုင်ငံ၌ ရက်ပေါင်း တစ်ရာရှစ်ဆယ့်သုံးရက်ထက်မနည်း နေထိုင်သော နိုင်ငံခြားသား၊

(၂) ကုမ္ပဏီဖြစ်ပါက မြန်မာနိုင်ငံ၌ မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေအရ ဖြစ်စေ၊ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ တည်ထောင်၍

နိုင်ငံခြားသားအစုရှင်များဖြင့် ဖွဲ့စည်းထားသည့် သို့မဟုတ် နိုင်ငံခြားသားအစုရှင်များပါဝင်သည့် ကုမ္ပဏီ၊

(၃) ကုမ္ပဏီမှအပ အခြားပုဂ္ဂိုလ်စုဖြစ်ပါက မိမိလုပ်ငန်းရေးရာအဝဝ စီမံအုပ်ချုပ်ခြင်းနှင့် ဆုံးဖြတ်ခြင်းကိစ္စအားလုံးကို မြန်မာနိုင်ငံအတွင်း ထားရှိဆောင်ရွက်သော နိုင်ငံခြားသားများဖြင့် ဖွဲ့စည်းထားသည့် သို့မဟုတ် နိုင်ငံခြားသားများ ပါဝင်သည့်ပုဂ္ဂိုလ်စု။

၅။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ (ဃ) ပုဒ်မခွဲငယ် (၃)ကို အောက်ပါ ပုဒ်မခွဲငယ်ဖြင့် အစားထိုးရမည် -

(၃) ပြည်ပနေ နိုင်ငံခြားသား၊ ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားစီးပွားရေးအဖွဲ့အစည်းဖြစ်ပါက မြန်မာနိုင်ငံအတွင်းမှ ရရှိသည့် ဝင်ငွေအားလုံး။

၆။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၃ တွင် အောက်ပါတို့ကို ပုဒ်မခွဲ (ဏ)၊ (တ)၊ (ထ) နှင့် (ဒ) များ အဖြစ် ဖြည့်စွက်ရမည် -

(ဏ) ကုမ္ပဏီဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေတွင်ဖြစ်စေ၊ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင်ဖြစ်စေ အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ကုမ္ပဏီကိုဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေပါ ကိစ္စရပ်များအလို့ငှာ အစိုးရက ကုမ္ပဏီအဖြစ် သတ်မှတ်သော မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံခြား စီးပွားရေးအဖွဲ့အစည်းများ ပါဝင်သည်၊

(တ) နိုင်ငံခြားသားဆိုသည်တွင် ဤဥပဒေပါ ကိစ္စရပ်များအလို့ငှာ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများ ပါဝင်သည်၊

(ထ) အခြေပစ္စည်းဆိုသည်မှာ မြေ၊ အဆောက်အအုံ၊ ယာဉ်နှင့် လုပ်ငန်းဆိုင်ရာ မတည်ပစ္စည်းကိုဆိုသည်၊

(ဒ) အခြေပစ္စည်းမှ မြတ်စွန်းငွေဆိုသည်မှာ အခြေပစ္စည်းကို ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းပြုလုပ်၍ ရရှိသော မြတ်စွန်းငွေကို

ဆိုသည်။ လွှဲပြောင်းခြင်းဆိုရာ၌ အမွေဆက်ခံခြင်းနှင့် အဖိုးစားနားမပါဘဲ မေတ္တာဖြင့် ပေးကမ်းခြင်း၊ လှူဒါန်းခြင်းတို့ မပါဝင်စေရ။

၇။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ (ခ)နှင့်(ဂ) တို့ကို အောက်ပါ ပုဒ်မခွဲများဖြင့် အစားထိုးရမည် -

(ခ) အစိုးရသည် ဝင်ငွေရရှိသူတစ်ဦးဦး သို့မဟုတ် ဝင်ငွေရရှိသူတစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ဖြစ်စေ အောက်ပါတို့ကို ပြုလုပ်နိုင်သည် -

(၁) အခွန်ကင်းလွတ်ခွင့်ပေးခြင်း၊

(၂) အခွန်သက်သာခွင့်ပေးခြင်း၊

(၃) အခွန်နှင့်စပ်လျဉ်းသည့် အခြားခံစားခွင့်ပေးခြင်း၊

(ဂ) အစိုးရသည် မြန်မာနိုင်ငံအတွင်း အစိုးရကဏ္ဍ၊ သမဝါယမကဏ္ဍ သို့မဟုတ် ပုဂ္ဂလိကကဏ္ဍမှ အသစ်ထူထောင်သော စီးပွားရေးလုပ်ငန်းတစ်ခုခု သို့မဟုတ် စီးပွားရေးလုပ်ငန်းအမျိုးအစား တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လုပ်ငန်းစတင်သော နှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလအထိ အခွန်ကင်းလွတ်ခွင့်ပြုနိုင်သည်။

၈။ ဝင်ငွေခွန် ဥပဒေပုဒ်မ ၅ တွင် အောက်ပါကို ပုဒ်မခွဲ (ဃ)အဖြစ် ဖြည့်စွက်ရမည် -

(ဃ) တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်တွင် ဝင်ငွေခွန်နှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်များ ပြဋ္ဌာန်းပါရှိလျှင် ယင်းပြဋ္ဌာန်းချက်များနှင့်အညီ ခံစားခွင့်ရှိစေရမည်။

၉။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၈ ကို အောက်ပါပုဒ်မဖြင့် အစားထိုးရမည် -

(၈)။ (က) ဝင်ငွေအသီးသီးကို အောက်ပါဝင်ငွေခေါင်းစဉ်အလိုက် တွက်ချက်ရမည် -

(၁) လစာ၊

(၂) အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊

(၃) စီးပွားရေးလုပ်ငန်း၊

(၄) ပစ္စည်း၊

(၅) အခြေပစ္စည်းမှ မြတ်စွန်းငွေ၊

(၆) ဝင်ငွေရလမ်း မဖော်ပြနိုင်သည့်ဝင်ငွေ၊

(၇) အခြားရလမ်းများမှ ဝင်ငွေ၊

(ခ) လစာ သို့မဟုတ် အခြေပစ္စည်းမှ မြတ်စွန်းငွေခေါင်းစဉ်မှ ဝင်ငွေဖြစ်လျှင် ဝင်ငွေခေါင်းစဉ်တစ်ခုချင်းအလိုက် ခွဲခြားပြီး အခွန်ကို သီးခြားစီ စည်းကြပ်ရမည်၊

(ဂ) အခြားခေါင်းစဉ်များမှ ဝင်ငွေဖြစ်လျှင် ဝင်ငွေခေါင်းစဉ်တစ်ခုစီမှ ဝင်ငွေကို စုပေါင်းပြီး စုစုပေါင်းဝင်ငွေအပေါ်တွင် အခွန်စည်းကြပ်ရမည်။

၁၀။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၃ ကို အောက်ပါပုဒ်မဖြင့် အစားထိုးရမည် -

၁၃။ မည်သူမဆို နှစ် တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် လွှဲပြောင်း ခြင်းပြုလုပ်လျှင် ယင်းသို့ပြုလုပ်၍ ရရှိသော မြတ်စွန်းငွေအတွက် အခြေပစ္စည်းမှ မြတ်စွန်းငွေခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင်ရမည်။ အခြေပစ္စည်းမှ မြတ်စွန်းငွေကို နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသည့် အတိုင်းတွက်ချက်၍ အခွန်စည်းကြပ်ရမည်။

၁၁။ အောက်ပါပုဒ်မကို ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၄-ကအဖြစ် ဖြည့်စွက်ရမည် -

၁၄-က။ အထက်ဖော်ပြပါ ဝင်ငွေခေါင်းစဉ်များနှင့် အကျုံးမဝင်သော ဝင်ငွေကို အခြားရလမ်းမှ ဝင်ငွေခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင်ရမည်။ ယင်းခေါင်းစဉ်မှ ဝင်ငွေကို တွက်ချက်ရာတွင် ဝင်ငွေရရှိရန် ကုန်ကျ သည့် စရိတ်များကို နုတ်ပေးရမည်။ သို့ရာတွင် အောက်ပါတို့က နုတ်မပေးရ -

(က) မတည်စရိတ်၊

(ခ) ကိုယ်ရေးကိုယ်တာစရိတ်၊

(ဂ) မဆီလျော်သည့်စရိတ်။

၁၂။ အောက်ပါပုဒ်မကို ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၄-ခအဖြစ် ဖြည့်စွက်ရမည် -

၁၄-ခ။ အခွန်ထမ်း၏ စုစုပေါင်း ဝင်ငွေတွင် အခွန်ထမ်းက လုံလောက်သော အကြောင်းတစ်စုံတစ်ရာမရှိပဲ ဇနီးနှင့် အိမ်ထောင်မကျသေးသည့် သားသမီးသို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လွှဲပြောင်း ပေးသည့် ပစ္စည်းမှ ရရှိသည့် ဝင်ငွေ သို့မဟုတ် လုပ်ငန်းမှရရှိသည့် ဝင်ငွေကို ထည့်သွင်း၍ အခွန် စည်းကြပ်ရမည်။

၁၃။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ (ဓ)ပါ "ယင်းလျော့ငွေ၏ တစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှသော ငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေရမည်" ဆိုသည့် စကားရပ်ကို "ယင်းလျော့ငွေ၏ တစ်ဆယ်ရာခိုင်နှုန်းထက် မပိုသော ငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေနိုင်သည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၁၈ ပါ "ရက်ပေါင်းကိုးဆယ်အတွင်း" ဆိုသည့် စကားရပ်ကို "သုံးလအတွင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၃၀ ကို အောက်ပါပုဒ်မဖြင့် အစာထိုးရမည် -

၃၀။(က) အောက်ပါတို့၏ စည်းကြပ်ကောက်ခံမှုကို နည်းဥပဒေများဖြင့်ဖြစ်စေ၊ စည်းမျဉ်းများဖြင့်ဖြစ်စေ ပြဋ္ဌာန်းသည့်အတိုင်း ပြုလုပ်ရမည် -

(၁) အစိုးရ၏ စီးပွားရေးအဖွဲ့အစည်းများ၊

(၂) အစိုးရ၏ သို့မဟုတ် အစိုးရက ကမကထပြုသော စီမံကိန်း၊ လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုတစ်ရပ်ရပ်၌ အစိုးရ၏ သဘောတူခွင့်ပြုချက်ဖြင့် ပါဝင်ဆောင်ရွက်သည့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားတွင် ဖွဲ့စည်းသော ပုဂ္ဂိုလ်စု၊

(၃) သမဝါယမအသင်း၊

(၄) ပြည်ပနေနိုင်ငံသား၊

(၅) နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိသူ၊

(ခ) ဝင်ငွေကြေညာလွှာပေးပို့ပြီးသူ တစ်ဦးဦးနှင့်စပ်လျဉ်း၍ ယာယီစည်းကြပ် ကောက်ခံမှုကို စည်းမျဉ်းများဖြင့် ပြဋ္ဌာန်းသည့်အတိုင်း ပြုလုပ်နိုင်သည်။

၁၆။ အောက်ပါပုဒ်မကို ဝင်ငွေခွန်ဥပဒေပုဒ်မ ၃၃-က အဖြစ် ဖြည့်စွက်ရမည် -

၃၃-က။ အခွန်သည် ကျပ် ၅၀၀ အထိဖြစ်လျှင် စည်းကြပ်မှုအဖွဲ့၏ အမိန့်သည်လည်းကောင်း၊ အခွန်သည် ကျပ် ၁၀၀၀၀ အထိဖြစ်လျှင် ပထမ အယူခံအဖွဲ့၏ ဆုံးဖြတ်ချက်သည်လည်းကောင်း၊ အခွန်သည် ကျပ် ၁၀၀၀၀ အထက်ဖြစ်ပြီး ဥပဒေရေးရာ ပြဿနာမပေါ်ပေါက်လျှင် ဒုတိယအယူခံအဖွဲ့၏ အဆုံးအဖြတ်သည်လည်းကောင်း အပြီးအပြတ်ဖြစ်စေရမည်။

၁၇။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၄၆ ပုဒ်မခွဲ(က)ပါ "ယင်းအခွန်၏ တစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှ သောငွေကို ဒဏ်ငွေအဖြစ် တပ်ရိုက်ရမည်" ဆိုသည့် စကားရပ်ကို "ယင်းအခွန်၏တစ်ဆယ်ရာခိုင်နှုန်းထက်မပိုသော ငွေကို ဒဏ်ငွေအဖြစ် တပ်ရိုက်နိုင်သည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။